The Arakan International

The Arakan International

နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

# သိမှတ်ဖွယ်ရာ တို့တို့ထွာထွာ

## အာသျှတိုက်




အာသျှတိုက်သည် ကမ္ဘာပေါ်တွင် ဧရိယာအကျယ်အဝန်းအားဖြင့်သော်လည်းကောင်း၊ လူဦးရေအားဖြင့်သော်လည်းကောင်း အကြီးဆုံးသောတိုက်ဖြစ်သည်။ အာသျှတိုက်သည် ကမ္ဘာ့ကုန်းမြေဧရိယာ၏ ၃ ပုံ ၂ ပုံခန့် ကျယ်ဝန်းပြီး ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၅ ပုံ ၃ ပုံခန့်သည် အာသျှတိုက်ထဲတွင်နီထိုက်လျှက်ဟိသည်။ အာသျှတိုက်နိုင်ငံ ၅၀ ကျော်ထဲတွင် ရာသျှား၊ တရုတ်၊ အိန္ဒိယ အစဟိသည့် ကမ္ဘာ့အကြီးဆုံးနိုင်ငံများမှသည် ဘာရိန်း၊ စိန်ကာပူရို့ကဲသို့သော ကမ္ဘာ့အငယ်ဆုံးနိုင်ငံများအထိပါဝင်ကတ်ပါသည်။ အာသျှတိုက်သားများ၏ အဓိကစီးပွါးရေးသည် လယ်ယာနှင့်ခြံထွက်လုပ်ငန်းများပေါ်တွင်တည်မှီနီသိသော်လည်း ဂျပန်၊ ရာသျှား၊ တရုတ်၊ အန္ဒိယ၊ တောင်ကိုးရီးယား၊ ထိုင်ဝမ်၊ စိန်ကာပူ၊ ထိုင်း၊ မလေးသျှား စသောနိုင်ငံများမှာမူ စက်မှုနှင့်နည်းပညာ ကုန်ထုတ်လုပ်ငန်းများဖက်သို့ ကူးပြောင်းလားဗျာဖြစ်ပါသည်။

## အာဖရိကတိုက်




နိုင်ငံပေါင်း ၅၀ ကျော်ဟိသည့် အာဖရိကတိုက်သည် အာသျှတိုက်ပြီးလျှင် ကမ္ဘာပေါ်တွင်ဧရိယာအကျယ်အဝန်းအားဖြင့်သော်လည်းကောင်း၊ လူဦးရေအရသော်လည်းကောင်း ဒုတိယအကြီးဆုံးတိုက်ဖြစ်သည်။ မြီထဲပင်လယ်သည် အာဖရိကတိုက်နှင့် ဥရောပတိုက်နှစ်ခုကြားတွင် တည်ဟိသည်။ အာဖရိကတိုက်၏ အရှို့မြောက်ပိုင်းတွင်တည်ဟိသည့် ဆူးအက်တူးမြောင်းသည် အာသျှတိုက်နှင့် အာဖရိကတိုက်ရို့၏ ကြားခံနယ်ပင်ဖြစ်ပါသည်။ အာဖရိကတိုက်၏ အရှိဖက်ကမ်းခြီများသည် အန္ဒိယသမုဒ္ဒရာ၊ ပင်လယ်နီရို့နှင့် ဆက်စပ်တည်ဟိပြီး တိုက်၏အနောက်ဖက်ကမ်းခြီမှာမူ အတ္တလန်တိတ်သမုဒ္ဒရာနှင့်ဆက်စပ်တည်ဟိသည်။ ကမ္ဘာ့အရှည်ဆုံး နိုင်းမြစ်သည်လည်းကောင်း၊ ကမ္ဘာ့အကြီးဆုံး ဆာဟာရသဲကန္တာရသည်လည်းကောင်း အာဖရိကတိုက်ထဲ၌တည်ဟိကတ်ပါသည်။

**ဗာဟုသစ္စ—အကြားအမြင်များခြင်းသည် မင်္ဂလာဖြစ်သည်။**

**ကျေးဇူးတင်ပါသည်။ အားလုံး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဟိကတ်ပါစီ။ ။**